**၂၀၁၈ ခုနှစ် မေလ (၁၇) ရက်နေ့ မနက် (၀၉း၀၀) နာရီ မှ နေ့လည် (၁၂း၀၀) နာရီအထိ ရန်ကုန်မြို့ ရှိ Signature Fine Dining တွင် ကျင်းပပြုလုပ်သော လုပ်ငန်းအစီအစဉ်နှင့် စီမံအုပ်ချုပ်မှု လုပ်ငန်းခွဲကော်မတီ (Workplan and Governance Sub-committee) အစည်းအဝေးမှတ်တမ်း**

## ၁။ ရည်ရွယ်ချက်

လုပ်ငန်းအစီအစဉ်နှင့် စီမံအုပ်ချုပ်မှု လုပ်ငန်းခွဲကော်မတီအစည်းအဝေးကို အကျိုးအမြတ်ရ ရှိပိုင်ဆိုင်မှုဆိုင်ရာ ရှေ့ပြေးလုပ်ငန်းစဉ်အကောင်အထည်ဖော်မှုအခြေအနေကို ဆွေးနွေးရန်၊ အကျိုးအမြတ်ရရှိပိုင်ဆိုင်မှုဖော်ဆောင်ရေးလုပ်ငန်းအဖွဲ့ဖွဲ့စည်းခြင်းမူကြမ်းအား ဆွေးနွေးရန်၊ MEITI လုပ်ငန်းအစီအစဉ်နှင့် ဘက်ဂျက်အား ညှိနှိုင်းဆွေးနွေးမှုများပြုလုပ်ရန် စသည့် ရည်ရွယ်ချက်များဖြင့် ကျင်းပဆောင်ရွက်ခြင်းဖြစ်ပါ သည်။

## ၂။ အစည်းအဝေးတက်ရောက်သူများ

လုပ်ငန်းအစီအစဉ်နှင့် စီမံအုပ်ချုပ်မှု လုပ်ငန်းခွဲကော်မတီအစည်းအဝေးသို့ သုံးပွင့်ဆိုင်ညွှန်ပေါင်းအဖွဲ့မှ အစိုးရကိုယ်စားလှယ် (၂) ဦး၊ အရပ်ဘက်အဖွဲ့အစည်း ကိုယ်စားလှယ် (၂) ဦး၊ ပုဂ္ဂလိကကဏ္ဍ ကိုယ်စားလှယ် (၂) ဦး၊ အစိုးရကိုယ်စားလှယ် alternate (၁) ဦး၊ အရပ်ဖက်အဖွဲ့အစည်းကိုယ်စားလှယ် alternate (၁) ဦး၊ ကမ္ဘာ့ဘဏ်မှ ကိုယ်စားလှယ် (၂) ဦး၊ MOBD မှ ကိုယ်စားလှယ် (၄) ဦး၊ NCS ရုံးမှ တာဝန်ရှိသူ (၁၂) ဦး၊ စုစုပေါင်း (၂၆) ဦး တက်ရောက်ခဲ့ပါသည်။ အစည်းအဝေး တက်ရောက်သူများ စာရင်းအသေးစိတ်ကို နောက်ဆက်တွဲ (၁) တွင်ဖော်ပြထားပါသည်။

## ၃။ အကျိုးအမြတ်ရ ရှိပိုင်ဆိုင်မှုဆိုင်ရာ လုပ်ငန်းအစီအစဉ်အား ဆွေးနွေးတင်ပြခြင်း (Anton Ruiling, Adam Smith International)

Beneficial Ownership Workplan (အကျိုးအမြတ်ရရှိပိုင်ဆိုင်မှုဆိုင်ရာ လုပ်ငန်းအစီအစဉ်) အား ရေးဆွဲရာတွင် ရှင်းလင်းစွာ ရေးဆွဲထားပါကြောင်း၊ အကျဉ်းချုပ်အားဖြင့် ရေနံနှင့်သဘာဝဓါတ်ငွေ့လုပ်ငန်း၊ သတ္တုတွင်းလုပ်ငန်း၊ ကျောက်စိမ်းကျောက်မျက်လုပ်ငန်း ကုမ္ပဏီများအနေဖြင့် ၎င်းတို့၏ အကျိုးအမြတ်ရရှိပိုင်ဆိုင်မှုကို ဖော်ထုတ်ရမည်ဖြစ်ကြောင်း၊ အခြားနိုင်ငံရေးအရ ဆက်စပ်ပတ်သက်နေမှုကိုလည်း ကုမ္ပဏီများအနေဖြင့် အများပြည်သူသိရှိနိုင်ရန် ဖော်ပြပေးရန်လိုအပ်ပြီး ၂၀၁၆ EITI စံနှုန်းအရ အကျိုးအမြတ်ရရှိပိုင်ဆိုင်မှုကို ၂၀၂၀ ခုနှစ် တွင် မဖြစ်မနေ ဆောင်ရွက်ရမည် စံနှုန်းတစ်ခုဖြစ်ကြောင်း၊ ၂၀၁၆ စံနှုန်းတွင် MEITI အကောင်အထည်ဖော်ရမည့် လမ်းပြအစီအစဉ်၊ အခြားဆွေးနွေးမှုများမှ

ရရှိလာသည့် အချက်အလက်များအပေါ်မူတည်၍ လုပ်ငန်းအစီအစဉ်အား ရေးဆွဲထားခြင်းဖြစ်ကြောင်း၊ လုပ်ငန်းအစီအစဉ်အား အဆင့် (၂) ဆင့်ခွဲ၍ ရေးထားကြောင်း၊ ပထမအဆင့်အနေဖြင့် လက်ရှိအချိန်မှစ၍ ၂၀၂၀ ခုနှစ် ဇန်နဝါရီလအထိကာလအား သတ်မှတ်ရေးဆွဲပြီး ဒုတိယအဆင့်အနေဖြင့် ၂၀၂၀ နောက်ပိုင်းကာလအား လုပ်ငန်းအစီအစဉ်၏ ဒုတိယအဆင့်အနေဖြင့် သတ်မှတ်ထားကြောင်း၊ ၂၀၂၀ မတိုင်ခင်တွင် နည်းဥပဒေများ မပြောင်းသေးခင် အဆင့်ဖြစ်ပြီး BO နှင့်ပတ်သက်သော ပြင်ဆင်ခြင်းများ ပြုလုပ်နေကြောင်း၊ ပထမအဆင့်တွင် လုပ်ငန်းသတ်မှတ်မှုအဖြစ် ကုမ္ပဏီငယ်လေးများသာ ပါဝင်ထားပြီး ထိုကုမ္ပဏီများကို BO Taskforce နှင့် ပူးပေါင်းရွေးချယ်မည်ဖြစ်ပြီး၊ ၂၀၂၀ နောက်ပိုင်းတွင် ကုမ္ပဏီအားလုံးပါဝင်လာမည်ဖြစ်ကြောင်း၊ ပထမအဆင့်ကာလအကောင်အထည်ဖော်ရာတွင် ကုမ္ပဏီငယ်လေးများသာ ပါဝင် သောကြောင့် နိုင်ငံတကာ EITI အတွင်းရေးမှူးရုံးသို့လည်း အကြံဉာဏ်များ ရယူနိုင်ကြောင်း၊ ရေနံနှင့် သဘာဝဓါတ်ငွေ့ကဏ္ဍများတွင်လည်း ရှုပ်ထွေးမှုများလည်းရှိသောကြောင့် နိုင်ငံတကာ EITI အတွင်းရေးမှူးရုံးသို့ အကြံပြုချက်၊ အတည်ပြုချက်များ ရယူရန်လိုအပ်ကြောင်း၊ ၂၀၂၀ မတိုင်ခင် အချို့သော ဝန်ကြီးဌာနများမှ အချက်အလက်များရရှိအောင် လုပ်ဆောင်နေပါကြောင်း၊ လုပ်ငန်းအစီအစဉ်တွင်လည်း အချက်တစ်ချက်အနေဖြင့် ပါဝင်ထားပါကြောင်း၊ ပထမအဆင့်အနေဖြင့် အကျိုးအမြတ်ရရှိပိုင်ဆိုင်မှု အချက်အလက်များကို မည်သူ့ဆီမှ စုဆောင်းမည်လဲ၊ သယံဇာတနှင့် သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ Volunteer companies များမှ အချက်အလက်များ ရနိုင်ပြီး MEITI website မှ အချက်အလက်များကို ထုတ်ပြန်မည်ဖြစ်ကြောင်း၊

ကုမ္ပဏီများ မှတ်ပုံတင်ခြင်းလုပ်ငန်းအား ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန( DICA) မှ အဓိက ဆောင်ရွက်ပြီး ကုမ္ပဏီဆိုင်ရာအချက်အလက်များ ရယူရာတွင် အထက်ပါဝန်ကြီးဌာန (၂) ခုအစား DICA မှ အချက်အလက်များကို ရယူနိုင်ကြောင်း ပုဂ္ဂလိက ကိုယ်စားလှယ်တစ်ဦးမှ ဆွေးနွေးသည့်အပေါ်တွင် DICA ထံမှ အချက်အလက်များသည်လည်း အကျိုးအမြတ်ရရှိပိုင်ဆိုင်မှုအတွက် အရေးကြီးကြောင်း၊ ပထမအဆင့်တွင် သက်ဆိုင်ရာ line Ministry များထံမှ သတင်းအချက်အလက်ရယူမည်ဖြစ်ပြီး DICA ထံမှလည်း လိုအပ်ပါက ရယူမည်ဖြစ်ကြောင်း ပြန်လည်ဆွေးနွေးထားပြီး DICA website မှ သတင်းထုတ်ပြန်မှုများကိုလည်း ရယူ၍ ရကြောင်း ကိုယ်စားလှယ်မှ ပြန်လည်ဖြည့်စွက်ဆွေးနွေးခဲ့ပါသည်။

အထက်ပါဆွေးနွေးချက်များတွင် BO သတင်းအချက်အလက်များကို MEITI website မှ ထုတ်ပြန်မည်ဟု သိရကြောင်း၊ သက်ဆိုင်ရာဝန်ကြီးဌာန Website များနှင့် DICA Website တွင်လည်း လိုအပ်သော သတင်းထုတ်ပြန်မှုများရှိသလို ပြည်သူများလည်း လက်လှမ်းမှီသောကြောင့် MEITI Website တွင် သတင်းအချက်အလက်များ ရောနှောရှုပ်ထွေးလာနိုင်ပြီး ၂၀၂၀ မတိုင်ခင်အတွက် အချက်အလက်များ ရှင်းလင်းမှုများ ရှိစေရန် ကိုယ်စားလှယ်တစ်ဦးမှ မေးမြန်းဆွေးနွေးမှုအား DICA မှ အချက်အလက်များသည် များသောအားဖြင့် ကုမ္ပဏီများ၏ အချက်အလက်များဖြစ်သော်လည်း အကျိုးအမြတ်ရရှိပိုင်ဆိုင်မှု(BO)အချက်အလက်များ မဟုတ် ကြောင်း၊ အခြားသတင်းအချက်အလက်များကို ၎င်းတို့ထံမှ ရယူနိုင်သော်လည်း BO အချက်အလက်များအတွက် သီးသန့်အနေဖြင့် MEITI Website တွင် Webportal ဖြင့် ပြသ ထားမည်ဖြစ်ကြောင်း ပြန်လည် ဆွေးနွေးခဲ့ပါသည်။

DICA အနေဖြင့် ကုမ္ပဏီများမှတ်ပုံတင်ခြင်းအချက်အလက်များ၊ အချက်အလက်များကို အစိုးရဌာနဖြစ်သည့်အတွက် ၎င်းဌာနထံတွင် ထားရှိရမည်ဖြစ်သော်လည်း EITI ကဏ္ဍတွင် မိမိတို့အကောင်အထည်ဖော်နေသည်မှာ အစိုးရသီးသန့်မဟုတ်ခြင်း၊ EITI စံနှုန်းအရ ၂၀၂၀ တွင် ကုမ္ပဏီများ၏ BO အချက်အလက်များအား မဖြစ်မနေ ဖော်ပြရမည်ဖြစ်သည့်အတွက် DICA သည်လည်း ၎င်းတို့ဌာနကိုယ်တိုင် ဆောင်ရွက်မှုများ၊ ဥပဒေအကောင်အထည်ဖော်မှုများရှိနိုင်သလို မိမိတို့ EITI လုပ်ငန်းစဉ်မှလည်း BO နှင့်ပတ်သက်သည့် ဥပဒေများဖြစ်ပေါ်လာဖို့ စတင်စဉ်းစားသည့်အခါ ဤလုပ်ငန်းစဉ်အား အစပိုင်းတွင် မည်သူမှ ဦးဆောင်မည်ဟု တိတိကျကျ မရှိခဲ့ကြောင်း၊ ထို့ကြောင့် MSG တွင် ဆွေးနွေးကြသည့်အခါ အတိုင်ပင်ခံဌာန၍ ဆောင်ရွက်ခဲ့ကြောင်း၊ အတိုင်ပင်ခံမှ အကြံပြုချက်တွင် အားလုံးနှင့်ချိတ်ဆက်ဆောင်ရွက်ရမည့်အဖွဲ့အဖြစ် DICA အား ရည်ညွှန်းခဲ့ကြောင်း၊ သို့သော် DICA အနေဖြင့် ကုမ္ပဏီများမှတ်ပုံတင်ခြင်းကို ဆောင်ရွက်ရာတွင် ၁၉၅၁ ခုနှစ်က ကုမ္ပဏီအက်ဥပဒေဖြင့် ဆောင်ရွက်နေပြီး လွန်ခဲ့သော ၂၀၁၇ ခုနှစ်တွင်မှ အသစ်ပြန်လည်ပြင်ဆင်ခဲ့ကြောင်း၊ ထိုကုမ္ပဏီအက်ကို ယခင်က ပြင်ဆင်ရန်မှာ မလွယ်ကူဘဲ အချိန်ကြာမြင့်မည်ဖြစ်သောကြောင့် BO ရှေ့ပြေးအကောင်အထည်ဖော်ခြင်းကို ၂၀၂၀ မတိုင်မီ လက်ရှိကုမ္ပဏီများနှင့် သက်ဆိုင်ရာ line ministry များဖြင့် သာဆောင်ရွက်ရန် စဉ်းစားခဲ့ကြောင်း၊ DICA နှင့် သွားရောက်ဆွေးနွေးရာတွင် ၎င်းတို့ Website မှ ကုမ္ပဏီများနှင့်ပတ်သက်၍ ဖော်ပြချက်တွင် ပထမအဆင့်ဒါရိုက်တာများ၊ ပိုင်ဆိုင်သူများသာ ပါဝင်ပြီး BO အချက်အလက်အကုန်မပါဝင်ကြောင်း၊ ထို့ကြောင့် ၂၀၂၀ အထိ ကနဦးရှေ့ပြေးစီမံချက်အဖြစ် ဆောင်ရွက်ရန်နှင့် လက်ရှိပါဝင်လာသော ကုမ္ပဏီများနှင့် တဆင့်ချင်းစမ်းသပ်အကောင်အထည်ဖော်သွားရန် သဘောတူညီခဲ့ကြောင်း၊ သက်ဆိုင်ရာဝန်ကြီးဌာနအောက်မှသာ ဆောင်ရွက်ရမည်ဖြစ်ကြောင်းလည်း သိရှိခဲ့ကြောင်း ညှိနှိုင်းရေးရုံးမှ အစီအစဉ်အကြံပေးမှ ဖြည့်စွက်ဆွေးနွေးခဲ့ပါသည်။

၂၀၁၇ ခုနှစ်တွင် ပြဌာန်းလိုက်သည့် ကုမ္ပဏီဥပဒေအသစ်သည် ၂၀၁၈ ခုနှစ် ဩဂုတ်လတွင်မှ အသက်ဝင်မည်ဖြစ်ကြောင်း၊ ထိုဥပဒေအသစ်တွင်လည်း ဒေတာဘေ့စ်နှင့်ပတ်သက်သည့် အကြောင်းအရာ တော်တော်များများပါဝင်သည့်အတွက် DICA အနေဖြင့် ADB နှင့် ပူးပေါင်း၍ ဒေတာဘေ့စ် ကိစ္စများအတွက် အချက်အလက်ကောက်ယူနေကြောင်း၊ ထိုအချက်အလက်များထွက်လာမည်ဆိုပါက ယခု EITI တွင် အကောင်အထည် ဖော်မည့် BO အချက်အလက်များနှင့် တိုက်ဆိုင်နေမည်ဟု ထင်ကြောင်းနှင့် ဥပဒေအသစ်တွင်လည်း ကုမ္ပဏီများမှ အချက်အလက်များဖွင့်ပြဖော်ထုတ်ခြင်းကို အသေးစိတ်ပါဝင်ပြီး BO အချက်အလက်များ ဖော်ထုတ်ခြင်းနှင့် အလုံးစုံတူညီမည်ဟုထင်ကြောင်း၊ ထို့ကြောင့် EITI အနေဖြင့် သီးသန့် ပြည်သူများအား BO အချက်အလက်များ ဖော်ပြပေးရန်မလိုအပ်ဟု ထင်မြင်မိကြောင်း ဆွေးနွေးရာတွင် အချက်အလက်များအား ထပ်မံဖော်ပြမည်မဟုတ်ဘဲ ၎င်းတို့ DICA ၏ ဖော်ပြမှုအား ချိတ်ဆက်ဖော်ပြပေးမည်ဖြစ်ကြောင်း၊ BO Taskforce မှ ကြီးကြပ်ဆောင်ရွက်မည်ဖြစ်ကြောင်း ဆွေးနွေးခဲ့ပါသည်။

လုပ်ငန်းဆောင်ရွက်ချက် နံပါတ်(၁၃)တွင်လည်း အထက်ပါ BO ဖော်ထုတ်ခြင်းကိစ္စများလည်းပါဝင်ပြီးဖြစ်ကြောင်း၊ အကျိုးအမြတ်ရရှိပိုင်ဆိုင်မှု လုပ်ငန်းအစီအစဉ်တွင် လည်း လုပ်ငန်းစဉ်တစ်ခုအဖြစ်ထည့်သွင်းထားကြောင်း၊ လုပ်ငန်းအစီအစဉ်တွင် လုပ်ငန်းဆောင်ရွက်ချက် (၃၆) ခု ပါဝင်ပြီး အခန်းကဏ္ဍခွဲ (၈) ခုပါဝင်ကြောင်း၊ ပထမကဏ္ဍအနေဖြင့် BO taskforce ဖွဲ့စည်းခြင်း လုပ်ငန်းစဉ်

များပါဝင်ပြီး ယခုထိုလုပ်ငန်းစဉ်များကို အကောင်အထည်ဖော်နေကြောင်း၊ ဒုတိယကဏ္ဍအနေဖြင့် BO Pilot အကျိုးအမြတ်ရရှိပိုင်ဆိုင်မှုဆိုင်ရာ ရှေ့ပြေးအစီအစဉ်အား အကောင်အထည်ဖော်ခြင်းဖြစ်ပြီး လက်ရှိထိုလုပ်ငန်းစဉ်များ စတင်နေကြောင်း၊ လုပ်ငန်းစဉ် (၁) မှ (၉) အထိ BO Taskfoce နှင့် BO Pilot အတွက်လုပ်ငန်းစဉ်များဖြစ်ကြောင်း၊ လက်ရှိတွင်လည်း ထိုလုပ်ငန်းများကို MEITI-NCS နှင့်အတူ ဆောင်ရွက်နေကြောင်း၊ လုပ်ငန်းစဉ်(၁၀) အနေဖြင့် အစိုးရဝန်ကြီးဌာနမှ BO အတွက် စာထုတ်ပြန်ခြင်း၊ အကောင်အထည်ဖော် ဆောင်ရွက်မည့် ကတိကဝတ်သဘောမျိုးထုတ်ပြန်မှုများရရှိအောင်ဆောင်ရွက်ခြင်းလုပ်ငန်းစဉ်ဖြစ်ကြောင်း၊ BO Taskforce ဖွဲ့စည်းပြီးကြောင်း အများပြည်သူသိရှိအောင် သတင်းထုတ်ပြန်ခြင်းများ ပြုလုပ်ပါက ပိုမို ကောင်းမွန်မည်ဖြစ်ကြောင်း၊ ထို့နောက် တတိယအခန်းကဏ္ဍအနေဖြင့် အကျိုးအမြတ်ရရှိပိုင်ဆိုင်မှုအတွက် လက်ရှိ ဥပဒေဆိုင်ရာမူဘောင်၊ နည်းဥပဒေနည်းဥပဒေများနှင့် ကိုက်ညီမှုရှိမရှိ ချိန်ညှိပြီး ဥပဒေမူဘောင်တခုထွက်ရှိလာအောင် ဆောင်ရွက်မည့် လုပ်ငန်းများပါဝင်ကြောင်း၊ လုပ်ငန်းစဉ် (၁၉) မှစ၍ နောက်ပိုင်းလုပ်ငန်းစဉ်များသည် သတင်းအချက်အလက်များကောက်ခြင်းအတွက် စွမ်းဆောင်ရည်မြှင့်တင်ခြင်းများပြုလုပ်သည့် လုပ်ငန်းစဉ်များဖြစ်ကြောင်း၊ နမူနာအနေဖြင့် အကျိုးအမြတ်ရရှိပိုင်ဆိုင်မှု အချက်အလက်ထုတ်ပြန်သည့်မူဘောင် (Beneficial Ownership Template) တွင် မြန်မာနိုင်ငံနှင့်ကိုက်ညီသည့် ပုံစံဖြစ်အောင် အချောသတ်ခြင်း ဆောင်ရန်လိုအပ်ပြီး BO ကနဦးအလုပ်ရုံဆွေးနွေးပွဲတွင်လည်း BO အချက်အလက်ထုတ်ပြန်သည့်မူဘောင် (Beneficial Ownership Template) ဖြည့်သွင်းရာတွင် အခက်အခဲများရှိသည်ကို သိရှိရကြောင်း၊ ထိုကြောင့် မြန်မာနိုင်ငံနှင့် ကိုက်ညီ အောင် မည်ကဲ့သို့ ဆောင်ရွက်မည်လဲဆိုသည့် လုပ်ငန်းစဉ်များ ပါဝင်ပါကြောင်း၊ လုပ်ငန်းစဉ် (၂၉) နောက်ပိုင်းသည် BO လုပ်ငန်းစဉ် အကောင်အထည်ဖော်ခြင်း အား အောင်မြင်အောင် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များ ပါဝင်ကြောင်း၊ ထိုလုပ်ငန်းစဉ်များတွင် ပြန်ကြားဆက်သွယ်ရေးလုပ်ငန်းစဉ်အဖြစ် သတင်းဖြန့်ဝေခြင်းနှင့် အသိပညာပေးစာစောင်များဖြန့်ဝေခြင်းလုပ်ငန်းအစီအစဉ်လည်းပါဝင်ပါကြောင်း၊ ဇန်နဝါရီ ၂၀၂၀ နောက်ပိုင်းတွင် အပိုင်း (၂) အနေဖြင့် အကောင်အထည်ဖော်ထားသည့် လုပ်ငန်းစဉ်များအား ပြန်လည် ဆန်းစစ်ခြင်း၊ BO လုပ်ငန်းစဉ် ရေရှည်အောင်မြင်ရန် လိုအပ်သော လုပ်ငန်းစဉ်များ ရေးဆွဲအကောင်အထည်ဖော်ရန်ပါဝင်ကြောင်း၊ နောက်တခုအနေဖြင့် စွမ်းဆောင်ရည်မြှင့်တင်ခြင်းနှင့် ပြန်ကြား ဆက်သွယ်ခြင်း လုပ်ငန်းတွင် အစိုးရအနေဖြင့် အမြင်ဖွင့်ခြင်းလုပ်ငန်းများ၊ အရပ်ဖက်အဖွဲ့များနှင့် ပုဂ္ဂလိက အဖွဲ့များမှ ဆက်သွယ်ဆောင်ရွက်ခြင်း၊ အမြင်ဖွင့်ခြင်းလုပ်ငန်းများဆောင်ရွက်ရန်လိုအပ်သည်ဟု သိရကြောင်း၊ စွမ်းဆောင်ရည်မြှင့်တင်ခြင်းလုပ်ငန်းအတွက် ပထမဦးဆုံးအနေဖြင့် တစ်ဦးချင်းအား သင်တန်း ပေးခြင်းမှ တဆင့် အရပ်ဖက်အဖွဲ့အစည်းများ၊ အခြား BO နှင့်ဆက်စပ်သူများအား ဆင့်ပွားသင်တန်းပေးခြင်းများဖြင့် Step up model အား သုံး၍ ဆောင်ရွက်မည်ဖြစ်ကြောင်း၊ နောက်ဆုံးအနေဖြင့် လုပ်ငန်းအစီအစဉ်တွင် ပထမအဆင့် BO ကနဦးလုပ်ငန်းစဉ်သည် အရေးကြီးသောကြောင့် ပထမအဆင့်အနေဖြင့် ညှိနှိုင်းရေးရုံးတွင် BO Expert တစ်ဦးအား အချိန်ပြည့် ဝန်ထမ်းအဖြစ်ခန့်ထားရန်လိုအပ်ကြောင်း၊ အထောက်အကူအနေဖြင့် BO assistant နှင့် Communication assistant ၊ နည်းဥပဒေနှင့်ပတ်သက်၍ အထောက်အကူပေးနိုင်သည့် ပြင်ပ အရင်းအမြစ်များ၊ ထို့နောက် လေ့လာရေးခရီးစဉ်များ၊ EITI သည် ကမ္ဘာ့နိုင်ငံပေါင်း (၅၁) နိုင်ငံမှ ဆောင်ရွက်နေသော ကြောင့်

နိုင်ငံတကာ EITI အတွင်းရေးမှူးရုံးထံမှ အကြံဉာဏ်များရယူပြီး လေ့လာမှုများပြုလုပ်နိုင်ပါက အထောက်အပံ့ဖြစ်မည်ဖြစ်ကြောင်း၊ ထိုနောက် အဆင့်များတဆင့်ချင်းခွဲ၍ လုပ်ငန်းဆောင်ရွက်သည့် လုပ်ငန်းအစီအစဉ်များကို နိုင်ငံတကာ EITI ညှိနှိုင်းရေးရုံး၏ အတည်ပြုချက်လည်း ရယူရန်လိုအပ်ကြောင်း စသဖြင့် အကျိုးအမြတ်ရရှိပိုင်ဆိုင်မှု လုပ်ငန်းစဉ် (BO workplan) အား ဆွေးနွေးတင်ပြခဲ့ပါသည်။

အကျိုးအမြတ်ရရှိပိုင်ဆိုင်မှု ဖော်ဆောင်ရေးလုပ်ငန်းအဖွဲ့ (BO Taskforce) အခြေအနေအား ကိုယ်စားလှယ် တစ်ဦးမှ မေးမြန်းရာတွင် အရပ်ဖက်အဖွဲ့အစည်းမှ (၂) ဦး၊ ပုဂ္ဂလိက ကိုယ်စားလှယ် (၂) ဦး နှင့် အစိုးရကိုယ်စားလှယ် (၅) ဦးဖြင့် အဆိုပြုထားပြီး ပြီးခဲ့သော လုပ်ငန်းကော်မတီအစည်းအဝေးတွင် ဆွေးနွေး ခဲ့ကြကြောင်း၊ တာဝန်နှင့်ဝတ္တရားများလည်း သတ်မှတ်ထားကြောင်း၊ အခြားနိုင်ငံများ၏ အတွေ့အကြုံများ လည်း စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနသို့ တင်ပြထားကြောင်း၊ အကြမ်းအားဖြင့် သဘောတူထားမှုများရှိ ကြောင်း၊ ထို့နောက် ဦးဆောင်ကော်မတီသို့ တင်ပြမည်ဖြစ်ကြောင်း၊ ထို့နောက်မှ သမ္မတထံသို့ တင်ပြမည် ဖြစ်ကြောင်း ရှင်းလင်းဆွေးနွေးခဲ့ပါသည်။

လုပ်ငန်းကော်မတီအစည်းအဝေး၏ အခြေအနေများအား တင်ပြရာတွင် BO Taskforce မူကြမ်းအား လုပ်ငန်းကော်မတီသို့ တင်ပြရာတွင် သဘောတူညီမှုရရှိခဲ့ကြောင်း၊ ထို့မှတဆင့် ဦးဆောင်ကော်မတီသို့ တင်ပြမည်ဖြစ်ပြီး မကြာမီရက်အတွင်း ဦးဆောင်ကော်မတီအစည်းအဝေးကျင်းပမည်ဖြစ်ကြောင်း၊ ဦးဆောင် ကော်မတီအစည်းအဝေးပြီးပါက စာအမြန်ဆုံးထုတ်ရန် လုပ်ငန်းကော်မတီအား နှိုးဆော်ထား ကြောင်း ဆွေးနွေးခဲ့ပါသည်။

ကိုယ်စားလှယ်တစ်ဦးမှ အစီရင်ခံမှုလမ်းကြောင်းအနေဖြင့် လုပ်ငန်းကော်မတီအား တင်ပြမှုအား မေးခွန်း ထုတ်ရာတွင် လုပ်ငန်းကော်မတီတွင် လူစုံပါဝင်ကြောင်း၊ ဦးဆောင်ကော်မတီတွင် ဝန်ကြီးသုံးပါးနှင့် ညွှန်ချုပ် (၂) ဦးခန့်သာပါဝင်ကြောင်း၊ ယခု BO Taskforce တွင်လည်း အဖွဲ့ဝင်အမည်များတပ်ထားခြင်းသည် ဥပဒေ အရမှားယွင်းနေသည်ဟု ထောက်ပြထားကြောင်း၊ အမိန့်ကြော်ငြာစာတွင် ရာထူးသာ ဖော်ပြသင့်ကြောင်း ထောက်ပြထားကြောင်းဆွေးနွေးခဲ့ပါသည်။

အထက်ပါကိစ္စ အမည်နာမ မထည့်ခြင်းကြောင့် အစည်းအဝေးများ ပျက်လက်မှုများသည့်အခါ ပုဂ္ဂိုလ်အမည် ဖော်ပြမထားခြင်း၏ အားနည်းချက်များ ဖြစ်လာမည်လား ဟု မေးမြန်းခြင်းအား ဝန်ကြီးဌာနများနှင့် နိုင်ငံတော် သမ္မတထံသို့ တင်ပြသည့်အခါ အမည်နာမ များမထည့်ဘဲ ရာထူးများ (ဥပမာ- ညွှန်ကြားရေးမှူးချုပ်၊ သတ္တုတွင်းဦးစီးဌာန) ဖြင့်သာ တင်ပြရပြီး ထိုမှတဆင့် အမိန့်ကြော်ငြာစာများ ပြန်လည် ကျလာမှသာ သက်ဆိုင်ရာဌာနများမှ ကိုယ်စားပြု အမည်ဖြင့် တာဝန်ပေးအပ်သည့်ပုံစံဖြင့်သွားရကြောင်း ပြန် လည်ရှင်းပြခဲ့ပါသည်။

အမည်များဖြင့် ကိုယ်စားပြုဖော်ပြထားပါက အမိန့်ကြော်ငြာစာများ အကြိမ်ကြိမ်ထုတ်ရသောကြောင့် ရာထူးဖြင့် သာ ဖော်ပြထားပါက လူအပြောင်းအလဲဖြစ်ပါကလည်း ရုံးတွင်းအမိန့်စာဖြင့်သာ ဆောင်ရွက်၍ ဖြေရှင်းလို့ရကြောင်း အစိုးရကိုယ်စားလှယ်တစ်ဦးမှ ဖြည့်စွက်ထားပါသည်။

No (S3/S4), Second Floor, Aung Sun Stadium, Northern Wing, Gyoe Phyu Road, Mingalar Taung Nyunt Township Yangon.
+959 400888123 | communication@myanmareiti.org | www.myanmareiti.org

Fiscal Policy, Strategy and EITI Division, Budget Department,
Office No (26), Naypyidaw.
067-410533, | myanmareiti.mopf@gmail.com

BO Taskforce ၏ သက်တမ်းအား အစိုးရသက်တမ်းအတိုင်းထားရှိမည်လား (သို့မဟုတ်) ၂၀၂၀ နောက်ပိုင်း ကာလအတွက် စဉ်းစား၍ သတ်မှတ်မည်လား၊ သုံးပွင့်ဆိုင်ညွှန့်ပေါင်းအဖွဲ့၏ ဆုံးဖြတ်ချက်ဖြင့် BO လမ်းပြမြေပုံအား ရေးဆွဲထားပြီး Taskforce မှ အကောင်အထည်ဖော်ရသောကြောင့် စီမံဘဏ္ဍာဒုဝန်ကြီး အနေဖြင့် စဉ်းစားထားသည်မှာ သုံးပွင့်ဆိုင်ညွှန့်ပေါင်းအဖွဲ့ (MSG) ၏ လုပ်ငန်းခွဲကော်မတီအနေဖြင့် ထား ရှိမည်ဟု နည်းလမ်းတခုအဖြစ် စဉ်းစားထားပြီး MSG သက်တမ်းအတိုင်းထားရှိမည်လားဟု စဉ်းစားထား ကြောင်း အစိုးရကိုယ်စားလှယ်တစ်ဦးမှ ဆွေးနွေးထားပြီး အစိုးရများ၏ ထုံးစံအရ သက်တမ်းကုန်သွားပါက ကော်မတီအားလုံးကို ဖျက်သိမ်းခဲ့ရကြောင်း၊ ၂၀၂၀ မတိုင်ခင် ဥပဒေထွက်ရှိနိုင်မှသာ သက်တမ်းအားရေရှည်သတ်မှတ်၍ ရနိုင်မည်ဖြစ်ကြောင်း ဆွေးနွေးခဲ့ပါသည်။

## ၄။ BO Taskforce ( အကျိုးအမြတ်ရရှိပိုင်ဆိုင်ဖော်ထုတ်ခြင်း လုပ်ငန်းအဖွဲ့) ဖွဲ့စည်း ခြင်းမူကြမ်း အား ဆွေးနွေးခြင်း (အစီအစဉ်မန်နေဂျာ၊ ညှိနှိုင်းရေးရုံး)

BO Taskforce ( အကျိုးအမြတ်ရရှိပိုင်ဆိုင်ဖော်ထုတ်ခြင်း လုပ်ငန်းအဖွဲ့) ဖွဲ့စည်း ခြင်းမူကြမ်းအား ၂၀၁၈ ခုနှစ် မေလ (၁၅) ရက်နေ့တွင် နေပြည်တော်၌ ကျင်းပသည့် လုပ်ငန်းကော်မတီအစည်းအဝေးတွင် တင်ပြ ရာတွင် သဘောတူညီမှု အကြမ်းပြင်းရရှိခဲ့ကြောင်း၊ သို့သော်လည်း ကိုယ်စားလှယ်များအနေဖြင့် ပြင်ဆင် လိုသည့် အကြောင်းအရာများရှိပါက ဆွေးနွေးနိုင်ကြောင်း၊ ထိုနောက် BO Taskforce အဖွဲ့၏ သက်တမ်း အား ဆွေးနွေးရာတွင် အစိုးရသက်တမ်းအတိုင်းသာ ကုန်ဆုံးချိန်အထိ သတ်မှတ်ခဲ့ကြပြီး မူကြမ်း နံပါတ် ၃ တွင် **အဆင်သင့်ဖြစ်သည့်တိုင်အောင်** ဆိုသည့် စကားလုံးကို ဖျက်၍ **အစိုးရ သက်တမ်းကုန်ဆုံးချိန်အထိဖြစ်သည်** ဟုသာ ထားရန်၊ BO Taskforce ဖွဲ့စည်းခြင်း မူကြမ်း နံပါတ် (၄) (င) တွင် သဘာဝသယံဇာတဆိုင်ရာလုပ်ငန်းများတွင် အကျိုးအမြတ်ရရှိခွင့်ရှိသော ပိုင်ဆိုင်ခြင်းနှင့် စပ်လျဉ်းသည့် ဥပဒေ၊ နည်းဥပဒေနှင့် အမိန့်ညွှန်ကြားချက်များအား လေ့လာသုံးသပ်ခြင်း ဆိုသည့်စကားလုံးကို ဥပမာ **လေ့လာသုံးသပ်ရာတွင် ကြီးကြပ်လမ်းညွှန်အထောက်အပံ့ပေးခြင်း** ဆိုသည့် စကားလုံးဖြင့် ပြင်ဆင်ရန်။ နံပါတ်(၄) (ဂ) တွင် သင့်လျော်သော ဌာန/အဖွဲ့အစည်းများ သတ်မှတ်ခြင်း အစား **ဌာန/အဖွဲ့အစည်းများ ဖွဲ့စည်းသတ်မှတ်ခြင်း**၊ ဖြင့် အစားထိုးပြင်ဆင်ရန်၊ Taskforce အနေဖြင့် Supervising role အနေဖြင့်သာ ဆောင်ရွက်ရမည်ဖြစ်ပြီး detail ဆောင်ရွက်ရန်ကိစ္စများကို Consultant များမှ ဆောင်ရွက်ရန် စသည့် ပြင်ဆင်ဖြည့်စွက်မှုများ ပြုလုပ်ခဲ့ပါသည်။

## ၅။ MEITI လုပ်ငန်းအစီအစဉ်နှင့် ဘက်ဂျက်အား ညှိနှိုင်းဆွေးနွေးမှုများ ပြုလုပ်ခြင်း (စီမံကိန်း မန်နေဂျာ၊ ညှိနှိုင်းရေးရုံး)

ပထမဦးစွာ လုပ်ငန်းအစီအစဉ်ရှိ ရည်ရွယ်ချက်သုံးခုလုံးအား အကြမ်းပြင်း ပြန်လည်စစ်ဆေးခဲ့ပြီး လုပ်ငန်းစဉ်တစ်ခုချင်းအလိုက် ဘက်ဂျက်လျာထားခဲ့ပါသည်။ ထိုသို့လျာထားရာတွင် MEITI report Printing (5000 pcs) အတွက် ၁၅၀၀၀ USD လိုအပ်ကြောင်း၊ သစ်တောအစီရင်ခံစာ

အင်္ဂလိပ်ဘာရှင်း၊ မြန်မာဘာရှင်း၊ အနှစ်ချုပ် နှင့် full report(eng/myan) အတွက် ၁၅၀၀၀ USD လိုအပ်မည်ဖြစ်ကြောင်း၊ Report Launch အတွက် မန္တလေးတိုင်းတွင်မလုပ်ဘဲ ရှမ်း သို့မဟုတ် နယ်တစ်ခုတွင်လုပ်ရန် ကြိုးပမ်းသင့်ကြောင်း၊ သယံဇာတထွက်သည့် ဒေသများတွင် လုပ်နိုင်ပါက ပိုမိုထိရောက်မည်ဖြစ်ကြောင်း ကိုယ်စားလှယ်တစ်ဦးမှ ဆွေးနွေးထားပြီး ဘက်ဂျက်စုစုပေါင်း ၃ နေရာအတွက် ၁၈၀၀၀ USD ဖြင့်လုံလောက်နိုင်ကြောင်း၊ နာရီဝက်စာ Video clip and Broadcasting အတွက် ၅၀၀၀ USD လျာထားကြောင်း၊ ထိုနာရီဝက်စာ ဗီဒီယိုအား လိုအပ်သလို ဖြတ်ညှပ်၍ အသုံးပြုမည် ဖြစ်ကြောင်း၊ NCS operation cost July 2017 to March 2019 အထိ ခန့်မှန်းကုန်ကျစရိတ် ၄၇၀၀၀ ဝန်းကျင်ခန့်ရှိပြီး ခရီးစရိတ် ကုန်ကျစရိတ်များ ကုန်ကျမှုများသဖြင့် travel budget လိုင်းသီးသန့် ထည့်ပြီး သုံးလတဖြတ် ကွာတား တစ်ခုစီတွင် ၁၅၀၀ USD ဖြင့် လျာထားမည်ဖြစ်ကြောင်း၊ Website ကုန်ကျစရိတ်အတွက် ၂၀၁၈ ခုနှစ်ဘက်ဂျက် ၄၀၀၀ USD လျာထားပြီး yearly hosting fees များ ထပ်မံကုန်ကျနိုင်သောကြောင့် ၁၀၀၀ USD ကို ၂၀၁၉ အတွက် လျာထားသည်ကြောင်း၊ NCS office equipment and furniture အတွက် ၈၅၀၀ USD လျာထားသည်ကြောင်း၊ Infographic printing(executive summary-page around 20-25) အတွက် အရေအတွက် ၅၀၀၀ ထုတ်ရန်လျာထားပြီး ဒုတိယကွာတားတွင်သုံးမည့် Print & publication အတွက် ၁၀၀၀၀ USD အထိတိုးသွားမည် စုစုပေါင်း ၁၅၀၉၃ USD အထိရှိကြောင်း၊ လောလောဆည် Library ဘက်ဂျက်လိုင်းကို ဖြုတ်မည်ဖြစ်ပြီး အမှန်တကယ်အသုံးပြုရန်လိုအပ်မှသာ ပြန်လည်ချိန်ညှိမည်ဖြစ်ကြောင်း၊ BO အတွက် consultant/expert အနေဖြင့် NCS team တွင် ထားရန် နှင့် Domestic consultant အဖြစ် ၆၀၀၀ USD လျာထားကြောင်း၊ Mineral cadaster consultant အတွက် ၂၆၀၀၀ USD လျာထားကြောင်း စသဖြင့် အကြမ်းပြင်းလျာထားပြီး ထပ်မံချိန်ညှိခဲ့ပါသည်။

ပြန်လည်ငွေစာရင်းချိန်ညှိရာတွင် Research study (artisanal mining) တွင် ၂၀၀၀၀ USD လျှော့ချကြောင်း၊ Perception study budget line ဖြုတ်မည်ဖြစ်ကြောင်း၊ Capacity development (3.2.2) USD 10000 ဖြုတ်မည်ဖြစ်ကြောင်း၊ Capacity development (3.2.1) USD 130000 ကို USD 60000 (၂၀၁၉ ဘက်ဂျက်) သာထားမည်ဖြစ်ကြောင်း၊ Capacity development-EITI events (3.2.4) တွင် USD ၃၀၀၀၀ လျှော့ချမည်ဖြစ်ကြောင်း၊ 3.1.13 Data management ဘက်ဂျက်ကို ဖြုတ်မည်ဖြစ်ကြောင်း၊ M&E (evaluate whole implementation) ၇၅၀၀ USD ကို ဖြုတ်မည်ဖြစ်ကြောင်း၊ MSG study tour တွင် ၂၀၁၈ ခုနှစ်အတွက် ၁၅၀၀၀ USD လျှော့မည်ဖြစ်ပြီး ယခုနှစ်တွင်လည်း အသုံးပြုမှုမရှိသေးကြောင်း၊ SNU operation cost ကို ၃၀၀၀၀ USD လျှော့မည်ဖြစ်ကြောင်း စသည်ဖြင့် ပြန်လည်ချိန်ညှိခဲ့ပြီး ၂၀၁၆-၁၇ ခုနှစ် နှင့် ၂၀၁၇-၁၈ ခုနှစ် EITI reports များ အတွက် **IA** ငှားရာတွင် ၂ နှစ်စာချုပ်ချုပ်မည်ဖြစ်ကြောင်း၊ ဘက်ဂျက် စုစုပေါင်း ၃၂၀၀၀၀ USD လျာထားကြောင်း စသဖြင့် ငွေစာရင်းပမာဏများ ချိန်ညှိခဲ့ပါသည်။

ကိုယ်စားလှယ်တစ်ဦးမှ အကြံပြုဆွေးနွေးရာတွင် အကယ်၍ သုံးပွင့်ဆိုင်ညွှန့်ပေါင်းအစည်းအဝေးတွင် MEITI လုပ်ငန်းအစီအစဉ်နှင့် ဘက်ဂျက်အား ညှိနှိုင်းဆွေးနွေးမှုပြုလုပ်မည်ဆိုပါက အစည်းအဝေးအစီအစဉ်၏ နောက်ဆုံးတွင်မှ ဆွေးနွေးရန် အကြံပြု ဆွေးနွေးခဲ့ပါသည်။

၆။ လုပ်ငန်းအစီအစဉ်ဦးစားပေးရွေးချယ်ခြင်း နှင့်စီမံမှုဆိုင်ရာ ဆပ်ကော်မတီ (Work Plan and Governance Sub Committee) အစည်းအဝေး ဆုံးဖြတ်ချက်များ(၁၇.၀၅.၂၀၁၈)

| စဉ် | ဆွေးနွေးဆုံးဖြတ်ချက်များ | လုပ်ဆောင်မည့်အချိန် | တာဝန်ရှိသူ |
|---|---|---|---|
| ၁။ | BO Taskforce တွင်ပါဝင်မည့်သူများ၏ အမည်များကို မထည့်ဘဲ ရာထူးဖြင့်သာ ထည့်၍ နောက်ပိုင်း အမည်ပြောင်းလဲမှုများရှိပါက ရုံးတွင်းအမိန့်ကြော်ငြာစာဖြင့်သာ ထုတ်ပြန်၍ ပြင်ဆင်မှုများရှိသည်။<br><br>BO Taskforce ၏ သက်တမ်းကို သတ်မှတ်ရာတွင် အစိုးရသက်တမ်းအတိုင်းသတ်မှတ်မည်။<br><br>၂၀၂၀ မတိုင်မီ ဥပဒေထုတ်နိုင်ရန် ကြိုးပမ်းရန်အတွက် MSG တွင် တင်ပြရန်။ (နိုင်ငံတကာ EITI Law များကို NCS မှ လေ့လာတင်ပြရန်) | | NCS |
| ၂။ | Validation အတွက် feedbacks and recommendations များ နှင့်ပတ်သက်ပြီး recommendations/consultation workshop တစ်ခုပြုလုပ်ရန်။<br><br>၂၀၁၈ ခုနှစ် ဇွန် ၁ ရက် တွင် MSG အစည်းအဝေးကို နေပြည်တော်တွင် ပြုလုပ်ရန်။ | 1 June , 2018 | NCS, MSG |
| ၃။ | SOE reform workshop မတိုင်မီ သက်ဆိုင်ရာဌာနများနှင့် အကြိုအစည်းအဝေးတစ်ခုပြုလုပ်နိုင်ရန်အတွက် သက်ဆိုင်ရာ ဝန်ကြီးဌာနများမှ တာဝန်ပေးခွင့်ပြုနိုင်ရန် MSG အစည်းအဝေး တွင် ဆွေးနွေးရန်။ | Coming MSG meeting | |
| ၄။ | MOBD ၏ ဆက်သွယ်ရမည့် ပုဂ္ဂိုလ်များ-<br>ငွေစာရင်း၊ဘက်ဂျက်ကိစ္စများအတွက် ဒေါ်သင်းသင်းအောင်၊<br>Procurement အတွက် ဒေါ်ခင်ပပခိုင်၊<br>NCS နှင့်ချိတ်ဆက်ခြင်း၊ MOPF ဒုဝန်ကြီးဆီသို့ NCS မှ ပေးပို့လိုသည့်အချက်အလက်များ ဆက်သွယ်ဆောင်ရွက်ပေးခြင်း စသည့် ကိစ္စရပ်များအတွက် ဆက်သွယ်ရန် Communication and Technical အတွက် ဒေါ်နင်းဝေအောင်၊ ဒေါ်ရွှေရည်ဝင်း၊<br>လတ်တလောတွင် Decision Making ကိစ္စများအတွက်- ဒေါ်ရီရီမြင့် (DDG) မှ တာဝန်ယူထားသည်။ | | |

| | | | |
|---|---|---|---|
| | MOBD မှ အဓိကဆက်သွယ်ဆောင်ရွက်ရမည့် focal person အမည် ကို အတည်ပြုချက်ရရှိပါက ပြန်လည်အကြောင်းကြားရန်။ | | |
| ၅။ | BO Taskforce ဖွဲ့စည်းခြင်း မူကြမ်း နံပါတ် ၃ တွင် **အဆင်သင့်ဖြစ်သည့်တိုင်အောင်** ဆိုသည့် စကားလုံးကို ဖျက်၍ **အစိုးရသက်တမ်းကုန်ဆုံးချိန်အထိဖြစ်သည်** ဟုသာ ထားရန်။<br><br>BO Taskforce ဖွဲ့စည်းခြင်း မူကြမ်း နံပါတ် (၄) (င) တွင် သဘာဝသယံဇာတဆိုင်ရာလုပ်ငန်းများတွင် အကျိုးအမြတ်ရရှိခွင့်ရှိသော ပိုင်ဆိုင်ခြင်းနှင့်စပ်လျဉ်းသည့် ဥပဒေ၊ နည်းဥပဒေနှင့် အမိန့်ညွှန်ကြားချက်များအား လေ့လာသုံးသပ်ခြင်း ဆိုသည့်စကားလုံးကို ဥပမာ **လေ့လာသုံးသပ်ရာတွင် ကြီးကြပ်လမ်းညွှန်အထောက်အပံ့ပေးခြင်း** ဆိုသည့် စကားလုံးဖြင့် ပြင်ဆင်ရန်။<br>နံပါတ်(၄) (ဂ) တွင် သင့်လျော်သော ဌာန/အဖွဲ့အစည်းများ သတ်မှတ်ခြင်း အစား **ဌာန/အဖွဲ့အစည်းများ ဖွဲ့စည်းသတ်မှတ်ခြင်း၊** ဖြင့် အစားထိုးပြင်ဆင်ရန်။<br><br>Taskforce အနေဖြင့် Supervising role အနေဖြင့်သာ ဆောင်ရွက်ရမည်ဖြစ်ပြီး detail ဆောင်ရွက်ရန်ကိစ္စများကို Consultant များမှ ဆောင်ရွက်ရန်ဖြစ်သည်။ | | |
| ၆။ | **Workplan and budget**<br>• MEITI report Printing (5000 pcs) အတွက် ၃၅၀၀၀ USD လိုအပ်မည်။ (Report (Eng၊Myan & summary)<br>• Forestry report (summary၊ full report(eng/myan) အတွက် ၁၅၀၀၀ USD လိုအပ်မည်။<br>• Report Launch အတွက် မန္တလေး ကို ဖြတ်၍ ရှမ်း သို့မဟုတ် နယ်တစ်ခုတွင်လုပ်ရန်။ ဘက်ဂျက်စုစုပေါင်း ၃ နေရာအတွက် ၁၈၀၀၀ USD ဖြင့်လုံလောက်နိုင်သည်။<br>• Video clip and Broadcasting (နာရီဝက်စာ) ၅၀၀၀ USD လျာထားသည်။ | | |

| | | | | |
|---|---|---|---|---|
| | • NCS operation cost July 2017 to March 2019 အထိ ခန့်မှန်းကုန်ကျစရိတ် ၄၇၀၀၀ ဝန်းကျင်ခန့်ရှိပြီး travel ကုန်ကျစရိတ်များ ကုန်ကျမှုများသဖြင့် travel budget လိုင်းသီးသန့် ထည့်ပြီး 3 လတစ်ဖြတ် Quarter တစ်ခုစီတွင် ၁၅၀၀ USD ဖြင့် လျာထားမည်။<br>• Website ကုန်ကျစရိတ်အတွက် ၂၀၁၈ ခုနှစ်အတွက် ၄၀၀၀ USD လျာထားပြီး yearly hosting fees များ ထပ်မံကုန်ကျနိုင်သောကြောင့် ၁၀၀၀ USD ကို ၂၀၁၉ အတွက် လျာထားသည်။<br>• NCS office equipment and furniture အတွက် ၈၅၀၀ USD လျာထားသည်။<br>• Infographic printing(executive summary-page around 20-25) အတွက်  အရေအတွက် ၅၀၀၀ ထုတ်ရန်လျာထားပြီး Print & publication အတွက်Q2 ၂၀၁၈ တွင် ၁၀၀၀၀ USD အထိတိုးသွားမည် စုစုပေါင်း ၁၅၀၉၃ USD ဖြစ်သည်။<br>• Library ဘက်ဂျက်လိုင်းကို ဖြုတ်မည်။<br>• BO အတွက် consultant/expert အနေဖြင့် NCS team တွင် ထားရန် Domestic consultant ၆၀၀၀ USD လျာထားသည်။<br>• Mineral cadaster consultant အတွက် ၂၆၀၀၀ USD လျာထားသည်။<br><br>**Budget Adjusting**<br><br>• Research study (artisanal mining) တွင် ၂၀၀၀၀ USD လျှော့သည်။<br>• Perception study budget line ဖြုတ်မည်။<br>• Capacity development (3.2.2) USD 10000 ဖြုတ်မည်။<br>• Capacity development (3.2.1) USD 130000 ကို USD 60000 (၂၀၁၉ ဘက်ဂျက်) သာထားမည်။<br>• Capacity development-EITI events (3.2.4) တွင် USD ၃၀၀၀၀ လျှော့သည်။<br>• 3.1.13 Data management ဘက်ဂျက်ကို ဖြုတ်မည်။<br>• M&E (evaluate whole implementation) ၇၅၀၀ USD ကို ဖြုတ်မည်။ | | | |

| | | | |
|---|---|---|---|
| | • MSG study tour တွင် ၂၀၁၈ ခုနှစ်အတွက် ၁၅၀၀၀ USD လျှော့မည်။<br>• SNU operation cost ကို ၃၀၀၀၀ USD လျှော့မည်။ | | |
| ၇။ | ၂၀၁၆-၁၇ နှင့်၂၀၁၇-၁၈ EITI reports အတွက် **IA** ငှားရာတွင် ၂ နှစ်စာချုပ်ချုပ်မည်။ ဘက်ဂျက် စုစုပေါင်း ၃၂၀၀၀၀ USD လျာထားသည်။ | | NCS, MOBD, MSG |

MYANMAR MEITI Extractive Industries Transparency Initiative

နောက်ဆက်တွဲ (၁) လုပ်ငန်းအစီအစဉ်နှင့် စီမံအုပ်ချုပ်မှုလုပ်ငန်းခွဲကော်မတီ အစည်းအဝေး တက်ရောက်သူများ စာရင်း

| စဉ် | အမည် | အဖွဲ့အစည်းအမည် | ရာထူး | အီးမေးလ်လိပ်စာ |
|---|---|---|---|---|
| ၁ | ဦးအေးမောင်ကြည် | GAD | alternative | gad.office.gov@gmail.com |
| ၂ | ဦးထူးအောင် | MATA | MSG | mata.comofficer@gmail.com |
| ၃ | ဦးသန်းဌေးအောင် | MOGE | MSG | thanhtay3000@gmail.com |
| ၄ | ဦးအောင်ဖြိုးကျော် | MATA | MSG | seinthwe.sgg@gmail.com |
| ၅ | ဒေါ်ကြူကြူဝင်း | MGJEA | Alternative | kkyuwin.1984@gmail.com |
| ၆ | ဦးဇော်ဘိုခန့် | MGJEA | Vice Chairman | kobobo001@gmail.com |
| ၇ | ဒေါ်မိုးမိုးထွန်း | MATA | MSG | moe2tun@gmail.com |
| ၈ | ဦးဝင်းတင် | Total | MSG | u.win-tin@total.com |
| ၉ | ဒေါ်တင်ဇာထွန်း | WB | Consultant | thtun@worldbank.org |
| ၁၀ | Ms.Shona | WB | | |
| ၁၁ | ဒေါ်ခင်ပပခိုင် | MOBD | AD | Khinpapakhaing.kppk@gmail.com |
| ၁၂ | ဒေါ်နှင်းဝေအောင် | MOBD | Director | khinlwinjn@gmail.com |
| ၁၃ | ဒေါ်ရွှေရည်ဝင်း | MOBD | Staff Officer | shweyeewin.mdy@gmail.com |
| ၁၄ | ဒေါ်သင်းသင်းအောင် | MOBD | Finance | ttaung11@gmail.com |
| ၁၅ | ဒေါက်တာကျော်ညွန့်မောင် | NCS | TC | kyawnyunt.maung@gmail.com |
| ၁၆ | ဦးအောင်ခိုင် | NCS | DNC | aungkhine.meiti@gmail.com |
| ၁၇ | ဒေါ်ဇင်မာမြိုင် | NCS | PAd | programmeadvisor@myanmareiti.org |
| ၁၈ | ဦးကျော်သင်းမောင် | NCS | PA | kyawthinmaun.meiti@gmail.com |
| ၁၉ | ဦးထွန်းပေါ်ဦး | NCS | TA | uhtunpawoo51@gmail.com |
| ၂၀ | ဒေါ်ငယ်ငယ်လွင် | NCS | CO | communication@myanmareiti.org |
| ၂၁ | ဦးစိုးသီဟနိုင် | NCS | AO | admin@myanmareiti.org |
| ၂၂ | ဦးတက်ထွန်းဆိုင် | NCS | Admin Staff | tattunsai.meiti@gmail.com |
| ၂၃ | ဒေါ်ရွှေရည်အောင် | NCS | FO | finance@myanmareiti.org |
| ၂၄ | ဒေါ်ယမင်းသူ | NCS | JTA | yaminthu.meiti@gmail.com |
| ၂၅ | ဒေါ်အေးချမ်းဝေ | NCS | TO | ayechanwai.meiti@gmail.com |
| ၂၆ | ဦးဇင်ကိုကိုအောင် | NCS | COA | zinkokoaung.meiti@gmail.com |